ဓမ္မဒါနအလှူရှင်





Design : New Day
298642,201437



# မေတ္တာ သူငယ်ချင်း

ရဝေနွယ်
(အင်းမ)

စာမူခွင့်ပြုချက် - ၃၂၀၄၀၃၀၆၀၆
အဖုံးခွင့်ပြုချက် - ၃၂၀၄၁၉၀၆၀၇
မျက်နှာဖုံးနှင့်အတွင်း - New Day Colour Separation

ပထမအကြိမ်

၂၀၀၆ ခုနှစ် ဇူလိုင်လ
အုပ်ရေ - ၂၀၀၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးကျော်စန်းလင်း (ယာယီ - ၈၆၉) အဲဗားဂရင်းအော့ဆက်
အမှတ် (၁၉၉)၊ လမ်း (၅၀)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ
အမှတ် (၁၁၁)၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဤလက်ကမ်း
စာအုပ်ငယ်များကို
**ဝမ္မဒါန**
ပြုလုပ်လိုပါက
**New Day**
Graphic Design & Colour Separation
အမှတ် - ၁၄၈၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၀၁၄၃၇၊ ၂၉၈၆၄၂
သို့
ဆက်သွယ်နိုင်ပါသည်။

# မေတ္တာအတွေးများ (၈)

မေတ္တာ ဒကံ့၊ မေတ္တာ စန္ဒော၊ မေတ္တာ ပုဖ္ဖံ = မေတ္တာဟာ ရေနဲ့လည်းတူတယ်။ လနဲ့လည်းတူတယ်။ ပန်းနဲ့လည်း တူပါတယ်တဲ့။ ဒါက အနီးစပ်ဆုံးဥပမာ ပေးထားကြတာပါ။

ရေကိုမြင်တိုင်းမြင်တိုင်း၊ ရေကိုအသုံးပြုတိုင်း အသုံးပြုတိုင်း "ဤရေအေးမြသလို ငါ့ရဲ့ချစ်မိတ်ဆွေ ဘယ်သူလည်း စိတ်ကောရုပ်ကော အေးမြပါစေ၊ ဤရေ အေးမြသလို သတ္တဝါအားလုံးလည်း စိတ်ကောရုပ်ကော

အေးမြကြပါစေ"လို့ မေတ္တာပို့လိုက်ရင် ကိုယ့်အတွက် ကုသိုလ်တွေ ပိုက်ဆံမကုန်ဘဲနဲ့ ဝင်လာတာပါ။

လူတစ်ယောက်အနေနဲ့ ရေကို မသုံးရတဲ့နေ့ ဆိုတာ ရှိကိုမရှိပါဘူး။ အနည်းဆုံး လေးငါးခြောက်ကြိမ် လောက်တော့ အသုံးပြုနေရတာပါ။ မျက်နှာသစ်တဲ့ အခါ၊ ရေချိုးတဲ့အခါ၊ ရေသောက်တဲ့အခါ စသည်ဖြင့် အများကြီးပါပဲ။

နောက်ဥပမာတစ်ခုက မေတ္တာဟာ လနဲ့တူပါ တယ်တဲ့။ လမင်းကြီးကို မြင်လိုက်ရရင်ပဲ ရင်ထဲကို အေးမြသွားတာပါပဲ။ လပြည့်ညမျိုးဆိုရင် အိပ်ပစ်ရမှာ တောင် နှမြောဖို့ကောင်းပါတယ်။

ဒါပေမယ့် လက အမြဲသာနေတာမဟုတ် တော့ လနဲ့နွယ်ပြီး အမြဲတမ်း မေတ္တာကုသိုလ် ဖြစ်နေဖို့ ဆိုတာတော့ မလွယ်ပါဘူး။ ဘာပဲပြောပြော လမင်းကြီး ကို မြင်ရတဲ့အခါ ကိုယ့်အလုပ်နဲ့ ဆက်စပ်နေတဲ့ မိတ်ဆွေတွေ၊ ကိုယ့်ဘဝအတွက် အရေးကြီးတဲ့ပုဂ္ဂိုလ်

တွေကို အာရုံညွတ်ပြီး မေတ္တာပို့လိုက်ရင် မေတ္တာ ကုသိုလ် ဖြစ်သွားတာပါပဲ။

"ဤလမင်းကြီး အေးမြသလို ငါ့ရဲ့ ချစ်မိတ်ဆွေ တွေလည်း စိတ်ကောရုပ်ကော အေးမြကြပါစေ" စသည် ဖြင့်ပေါ့။

နောက်ဥပမာတစ်ခုကတော့ မေတ္တာဟာ ပန်းနဲ့ လည်း တူပါတယ်တဲ့။ ကိုယ်နှစ်သက်တဲ့ပန်းကို မြင် လိုက်ရတဲ့အခါ စိတ်ကို လန်းသွားတာပါပဲ။ မေတ္တာကို ပန်းနဲ့ ဥပမာပေးထားတယ်ဆိုပေမယ့် တကယ်တမ်း ပန်းကို အသုံးပြုတဲ့နေရာမှာတော့ အမျိုးသားနဲ့ အမျိုး သမီးယှဉ်ရင် အမျိုးသမီးက ပိုများပါတယ်။ ဘုရားပန်း ကပ်တဲ့အခါ၊ ခေါင်းမှာပန်တဲ့အခါ၊ အခမ်းအနားပွဲတွေ မှာ ပန်းအလှပြင်တဲ့အခါ စသည်ဖြင့်ပေါ့။

ပန်းကို ဘယ်လိုနည်းနဲ့ အသုံးပြုပြု ပန်းကို မြင်တိုင်း အသုံးပြုတိုင်း "ဤပန်းမွှေးမြသလို သတ္တဝါ အားလုံးလည်း စိတ်ကော ရုပ်ကော မွှေးမြကြပါစေ"လို့

မေတ္တာပွားများဖြစ်ဖို့ပါပဲ။

မေတ္တာကို နေ့စဉ် ပွားများနေတဲ့ လူတစ်ယောက်အတွက်တော့ ဒီလိုအပြုအမူလေးတွေဟာ သိပ်ပြီး ခက်မယ် မထင်ပါဘူး။ အလွန်ဆုံးကြာ နှစ်မိနစ်ပေါ့။ နို့တစ်ညှစ်စာ မေတ္တာပွားရင်တောင် တစ်နေ့ ထမင်းအိုး တစ်ရာ သုံးကြိမ်လှူတာထက် ပိုအကျိုးများတယ် ဆိုတော့ ဒါလေးက ဝတ်တစ်ခုလိုထား ပြုသင့်တဲ့ အပြုအမူလေးပါပဲ။

ပုထုဇဉ် လူသားတစ်ယောက်အနေနဲ့ လောကီနယ်ပယ်ထဲမှာ နေနေရတာဆိုတော့ လောကီအာရုံတွေနဲ့ ကင်းလို့ မရပါဘူး။ မိန်းမနဲ့ပန်း၊ ပန်းနဲ့မိန်းမ ဆိုတာ ကင်းလို့မရတာဆိုတော့ ပုထုဇဉ်ပဲ ပန်ပေါ့။ ဒါပေမယ့် အဲဒီမှာ ကိုယ်က သတိဉာဏ်လေးယှဉ်ပြီး ပန်းကို အသုံးပြုဖြစ်တိုင်း ကိုယ့်အပေါ် ကျေးဇူးများခဲ့သူတွေကို အာရုံပြုပြီး "ဤပန်းမွှေးမြသလို ဘယ်သူတွေလည်း စိတ်ကော ရုပ်ကော မွှေးမြကြပါစေ"လို့ မေတ္တာ

ပို့လိုက်ရင် မေတ္တာပန်းပါ ပန်ပြီးသား ဖြစ်သွားတာပါ။ ပကတိပန်းကော မေတ္တာပန်းကော ပန်ထားရင် ပိုပြီး လှနေတတ်ပါတယ်။

ရေကိုမြင်လျှင် မေတ္တာဝင် အစဥ်မေတ္တာ ပွားပါ့မယ်။
လကိုမြင်လျှင် မေတ္တာဝင် အစဥ်မေတ္တာပွားပါ့မယ်။
ပန်းကိုမြင်လျှင် မေတ္တာဝင် အစဥ်မေတ္တာပွားပါ့မယ်၊
ကျန်တဲ့သူတွေတော့ မပြောတတ်ပါဘူး။

စာရေးသူကတော့ လူ့ဘဝဆိုတာ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်ဖို့က အဓိကလို့ပဲ ခံယူထားပါတယ်။ (နိဗ္ဗာန်ကို ခဏထားလိုက်ပါဦး) လူ့ဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်ဖို့ အဓိကအချက်ကတော့ သီလရယ်၊ မေတ္တာ ရယ်၊ ဝိပဿနာရယ်ပါ။ သီလဆိုတဲ့နေရာမှာလည်း အမြင့်ဆုံးသိက္ခာပုဒ်တွေအထိ မဆိုလိုပါဘူး။ လူသား တစ်ယောက်အနေနဲ့ လက်ကိုင်ကျင့်သုံးသင့်တဲ့ တစ်ကိုယ် ရေသီလပါ။ ကိုယ်ကိုယ်တိုင် ကိုယ့်ရဲ့ ကိုယ်ကျင့်သီလ စည်းမျဉ်းလေးကို ကိုယ်တိုင်ရေးဆွဲပြီး ကိုယ်တိုင်

ကျင့်သုံးသွားဖို့ပါပဲ။

မေတ္တာနဲ့သီလဆိုတာ အပြန်အလှန်လည်း အထောက်အကူပြုနေတာပါ။

မေတ္တာမှာ ပွားမေတ္တာနဲ့ ထားမေတ္တာဆိုပြီး ရှိပါတယ်။ ဒီစကားလုံးက ဦးဇင်းအရှင်ဆန္ဒာဓိက မကြာခဏ သုံးသုံးနေတဲ့ စကားလုံးပါ။

ရှေ့ကပြောခဲ့တာတွေကတော့ ပွားမေတ္တာပါ။ ကံအနေနဲ့ပြောရင် မနောကံမေတ္တာပါ။ ထားမေတ္တာ ဆိုတာကတော့ သူတစ်ပါးအကျိုး လိုလားစွာနဲ့ မေတ္တာ ပါတဲ့စကားကို ပြောပေးတာ။ သူတစ်ပါးအကျိုး လိုလားစွာနဲ့ မေတ္တာပါတဲ့ အပြုအမူကို ပြုလုပ်ပေးတာ ပါ။ သူတစ်ပါး အကျိုးရှိမယ့် အပြုအမူ အပြောအဆို တွေကို ပြုမူ ပြောဆိုပေးတာပါပဲ။ ကံအနေနဲ့ ပြောရင် တော့ ဝစီကံမေတ္တာနဲ့ ကာယကံမေတ္တာပါ။

ကိုယ် ပွားနေတဲ့ မေတ္တာဟာ ထိုက်သင့် သလောက် ခိုင်မာလာပြီဆိုရင် ပွားရုံအဆင့်နဲ့တင်

ရပ်မထားရပါဘူး။ တစ်ဆင့်တက်တဲ့အနေနဲ့ လက်တွေ့ကျင့်သုံးရေးနယ်ပယ်ထဲကို စမ်းသုံးကြည့်ရပါတယ်။ ကံအနေနဲ့ပြောရင် ကာယကံမေတ္တာနဲ့ ဝစီကံမေတ္တာကိုလည်း လက်တွေ့ကျင့်သုံးကြည့်ရပါတယ်။

ပထမဆုံး လက်တွေ့ကျင့်သုံးကြည့်သင့်တာက ကိုယ့်ရဲ့မိသားစုပါ။ မိသားစုဆိုတော့ သံယောဇဉ်ကလည်း ရှိပြီးသားဆိုတော့ သူစိမ်းထက် ကျင့်သုံးရတာ ပိုအဆင်ပြေပါတယ်။

ကိုယ်က ဇနီးတစ်ယောက်ဆိုရင်လည်း မနက်စောစော မိသားစုအတွက် နံနက်စာ စီစဉ်ရပြီဆိုပါတော့။ ထမင်းကြော် ကြော်နေတဲ့အခါ "ဒီထမင်းကြော်စားပြီး ကိုကို ကိုယ်ဆင်းရဲ ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ အစစအရာရာ အဆင်ပြေပါစေ"လို့ မေတ္တာစိတ်ညွတ်ပြီး ကြော်နေရင် ကာယကံမေတ္တာ ဖြစ်နေတာပါ။ ဒီလိုပါပဲ...ကော်ဖီဖျော်နေတဲ့အခါမှာလည်း "ဒီကော်ဖီလေးသောက်ပြီး ကိုကို ကိုယ်ဆင်းရဲ ကင်းပါစေ၊ စိတ်

ဆင်းရဲ ကင်းပါစေ၊ အစစအရာရာ အဆင်ပြေပါစေ”လို့ တကယ့်မေတ္တာစိတ်ညွတ်ပြီး ဖျော်ရပါတယ်။

စားပွဲပေါ် ကော်ဖီခွက်သွားတင်တဲ့အခါ မှာလည်း ဝတ်ကျေတန်းကျေမဟုတ်ဘဲ တကယ့်မေတ္တာ ပါပါနဲ့ တရိုတသေတင်ပြီး “ကိုကိုရေ...ဒီနေ့တော့ ကော်ဖီကို 4 in 1 နဲ့ ဖျော်ခဲ့တယ်”။ ခင်ပွန်းလုပ်သူ ကလည်း “3 in 1 ပဲ ကြားဖူးပါတယ်၊ 4 in 1 တော့ မကြားဖူးသေးပါဘူး၊ 4 in 1 ဆိုတာ ကော်ဖီအသစ် လား”ပေါ့။ ဒီတော့ ဇနီးဖြစ်သူက “နို့ဆီရယ်၊ သကြား ရယ်၊ ကော်ဖီမှုန့်ရယ်တင် မကဘူး မေတ္တာပါ ထည့်ဖျော် ထားတာ၊ ဒါကြောင့် 4 in1 လို့ပြောတာ”။ ခင်ပွန်း လုပ်သူကလည်း ကော်ဖီခွက်ကလေးကို ယူသောက်ပြီး “အို...ဒါကြောင့် ဆိုင်ကကော်ဖီထက် ပိုချိုနေတာကိုး” လို့ ပြန်ပြောလိုက်မယ်ပေါ့လေ။ ဒါတွေဟာ ကာယကံ မေတ္တာနဲ့ ဝစီကံမေတ္တာတွေပါပဲ။

မိဇ္ဇတိ သိနိယှတိတိ မေတ္တာ၊ ချစ်ခင် စိုစွတ်

စေးကပ်တတ်သောကြောင့် မေတ္တာပါတဲ့။

စေးကပ်တယ်ဆိုတော့ ကော်နဲ့ဥပမာယူလို့ရပါတယ်။ အရာဝတ္ထုနှစ်ခုကို ကော်နဲ့ ကပ်ထားလိုက်ရင် မြဲနေတတ်ပါတယ်။ ကော်ကောင်းရင် ကောင်းသလောက် မြဲနေတတ်ပါတယ်။ စူပါဂလူးကော်ဆိုရင် ကပ်ပြီးရင် ပြန်ခွာလို့ မရတော့ပါဘူး။

ဇနီးမောင်နှံနှစ်ယောက် အစဉ်ခိုင်မြဲနေအောင် ကော်သုံးမျိုးနဲ့ ကပ်ပေးထားရပါမယ်။ ကော်သုံးမျိုးကတော့ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဆိုတဲ့ ကော်တွေပါ။ ကော်ကောင်းရင် သေတဲ့အထိမြဲသွားတတ်ပါတယ်။ လမ်းခုလပ်မှာ ကွဲသွား ကွာသွားကြတယ်ဆိုတာ ကော်မကပ်ကြတော့လို့ပါ။ ရိုးမြေကျပေါင်းသင်းသွားကြရတာက ကော်မြဲနေလို့ပါ။

ဇနီးမောင်နှံနှစ်ယောက် အစဉ်သဖြင့် ခိုင်မြဲနေဖို့ နေ့စဉ် ကော်သုံးမျိုးနဲ့ ကပ်ပေးနေဖို့ လိုပါတယ်။ ကွဲသွား ကွာသွားကြတဲ့ ဇနီးမောင်နှံတွေကို သေချာ

သုတေသနပြုကြည့်ရင် ကော်မကပ်ကြတော့လို့ပါ။

အမျိုးသမီးတော်တော်များများဟာ ကိုယ့်ခင်ပွန်း ခြေလှမ်းပျက်နေပြီ ခြေလှမ်းမှားနေပြီဆိုရင် ဗေဒင်ဆရာဆီ ပြေးကြတာ များပါတယ်။ တကယ်တော့ ဒါဟာ သေချာတဲ့ကိစ္စ မဟုတ်ပါဘူး။ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ပြီး ပိုက်ဆံကုန်ရတာက အရင်ပါ။ တစ်သောင်းတန် ဆေးဖယောင်းတိုင် ထွန်းဆိုလည်း ထွန်းလိုက်ကြမှာပါပဲ။

ကိုယ့်ခင်ပွန်း ခြေလှမ်းပျက်မှုတွေနဲ့ ကြုံလာရင် ဘယ်ဗေဒင်ဆရာဆီမှ သွားပြီး ယတြာချေမနေပါနဲ့။ ကော်သုံးမျိုးနဲ့သာ နေ့စဉ် ကပ်ပေးနေလိုက်စမ်းပါ။ ဘုရားကို ရေကပ်ပြီး "ဤရေအေးမြသလို ကိုကိုလည်း စိတ်ကော ရုပ်ကော အေးမြပါစေ"ဆိုပြီး တစ်နေ့ သုံးကြိမ်လောက် မနောကံမေတ္တာ ပို့ပေးနေမယ်၊ စကားပြောတဲ့အခါလည်း မေတ္တာပါပါလေး ပြောပေးမယ်၊ ကိုယ့်ခင်ပွန်းရဲ့ ဝေယျာဝစ္စတွေ လုပ်ရတဲ့အခါမှာလည်း

မေတ္တာပါပါလေး ပြုပေးမယ်၊ ကော်ဖီဖျော်ပေးတဲ့အခါ မှာလည်း 4 in 1 နဲ့ ဖျော်ပေးမယ်ဆိုရင် မကြာခင်အချိန် အတွင်း ခြေလှမ်းတွေ ပြန်မှန်လာပါလိမ့်မယ်။ ဒါဟာ သေချာတဲ့ကိစ္စပါ။ မသေချာတဲ့နည်းတွေကို အာရုံမပြု ပါနဲ့။

ဒါက အဆင်မပြေတဲ့ ဇနီးမောင်နှံတွေအတွက် ပါ။ အဆင်ပြေနေတဲ့ ဇနီးမောင်နှံတွေအတွက်လည်း အစဉ်သဖြင့် ခိုင်မြဲနေဖို့ နေ့စဉ် ကော်သုံးမျိုးနဲ့ ကပ်ကပ် ပေးနေဖို့ လိုပါတယ်။

မေတ္တာကို ကိုယ့်မိသားစုအတွင်းမှာ လက်တွေ့ ကျင့်သုံးပြီးပြီဆိုရင် တစ်ဆင့်ထပ်တက်တဲ့အနေနဲ့ ကိုယ့် ဝန်းကျင်မှာလည်း လက်တွေ့ကျင့်သုံးကြည့်ရပါတယ်။

ဥပမာ ရုံးမှာ အလုပ်လုပ်နေရင်း ဖုန်းမြည် လာတယ်ဆိုပါတော့။ ဖုန်းသံကြားကတည်းက "ဘယ်သူဆက်တယ် မသိဘူး၊ ဘယ်သူဆက်ဆက် တစ်ဖက်က ဆက်သွယ်လာတဲ့သူကို စိတ်ချမ်းသာစေ

မယ့်စကားတွေနဲ့ပဲ တုံ့ပြန်မယ်”လို့ နှလုံးသွင်းလိုက်ပြီး ဖုန်းသွားကိုင်တဲ့အခါမှာလည်း ဖုန်းဆက်တဲ့သူ ကိုယ်ဆင်းရဲ ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ စသည်ဖြင့် မေတ္တာပို့ပြီး သွားကိုင်မယ်၊ ဖုန်းပြောတဲ့ အခါမှာလည်း တစ်ဖက်လူ စိတ်ဆင်းရဲစေမယ့် စကား မျိုး မပြောမိစေဘဲ စိတ်ချမ်းသာစေမယ့် စကားမျိုးပဲ ရွေးပြောမယ်။ တစ်ဖက်က အကူအညီတောင်းလာရင် လည်း တကယ့်မေတ္တာပါပါနဲ့ ကူညီပေးလိုက်မယ်။ ဒါဆို တစ်ခါတည်း ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ ဖြစ်သွားတာပါ။ ဒီလို နှလုံးသွင်း ပြုမူပုံ လေးကို ဆရာတော် ဦးဇောတိကရဲ့စာအုပ်ထဲမှာ ဆရာ တော်က နည်းပေးထားပါတယ်။ ဆရာတော် နည်းပေး ထားတာလေးကို စာရေးသူတော့ ဒီနေ့အထိ စွဲနေခဲ့ပါ တယ်။

မဟာစည်ဆရာတော်ဘုရားကြီးက သူတစ်ပါး အိပ်နေတဲ့အချိန်မှာ ကြမ်းကို ညင်ညင်သာသာနင်းသွား

တာလည်း ကာယကံမေတ္တာပါတဲ့။ ဒါကိုထောက်ပြီး ကိုယ့်ဝန်းကျင်မှာ သူတစ်ပါးတွေ အိပ်နေတဲ့အချိန် ကက်ဆက်ကို တိုးတိုးဖွင့်တာ၊ တစ်ဖက်က တရားထိုင်နေတဲ့အချိန်၊ ဘုရားရှိခိုးနေတဲ့အချိန်တွေမှာ ကိုယ်က ကိုယ့်ရဲ့အလုပ်ကို ညင်ညင်သာသာ ဖွဖွလေး လုပ်တာတွေလည်း ကာယကံမေတ္တာပါ။

အကျင့်ဆိုတာ ကျင့်စမှာပဲ ခက်တာပါ၊ ကျင့်ပါများသွားရင် စွဲပြီး လွယ်သွားတတ်ပါတယ်။

ဆရာတော် အရှင်ဇနကာဘိဝံသရဲ့ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်ထဲမှာ ဆရာတော်က မိမိ စိတ်ထားမကောင်းတာ၊ မိမိ စိတ်ထားယုတ်မာတာ မိမိသာ အသိဆုံးပါတဲ့၊ အဲဒီ စိတ်ဆိုး စိတ်ယုတ်တွေဟာ နောက်နောင်ဘဝ များစွာအထိ ကူးစက်သွားတတ်ပါတယ်တဲ့။ ဒါကြောင့် ကိုယ့်ရဲ့ ယုတ်မာနေတဲ့ စိတ်များကို အမြန်ဆုံး ပြုပြင်ထိုက်ပါတယ်တဲ့။

ပြုပြင်လို့ရပုံကို ဆရာတော်က တောသား

ဥပမာနဲ့ ပေးထားပါတယ်။ တောမှာမွေးတဲ့ တောသား တစ်ယောက်ဟာ မြို့ရောက်လာပြီး မြို့ကလူတွေကို ကြည့်ပြီး ပြုပြင်ယူလိုက်တာ တစ်နှစ် နှစ်နှစ်အတွင်း အထင်မှားလောက်အောင် ပြောင်းလဲသွားတတ်ပါတယ် တဲ့။ ဒီလိုပါပဲတဲ့ ကိုယ့်စိတ်ကို ပြုပြင်ယူလိုက်ရင် နှစ်နှစ် သုံးနှစ်အတွင်း ကိုယ့်စိတ်ကိုယ် ကြည်ညိုချင်လောက် အောင် စိတ်ကောင်းရှိသူ ဖြစ်လာပါလိမ့်မယ်တဲ့။

မေတ္တာကို လက်တွေ့ကျင့်သုံးပုံနဲ့ ပတ်သက် ပြီး ကြုံလို့ပြောဖြစ်သွားတာပါ။

မေတ္တာကို အစဉ်သဖြင့် ကိုင်ထားရမယ်ဆိုပေ မယ့် ကာလဒေသကိုတော့ ကြည့်ရပါသေးတယ်။ ကာလ ဒေသအရ မေတ္တာကို တစ်ခါတလေ ခဏ ဖယ်ထားရ တာလေးတွေလည်း ရှိပါတယ်။

ဒါနဲ့ပတ်သက်ပြီး ပုံပြင်တစ်ပုဒ် ရှိပါတယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ မေတ္တာ အမြဲ ပွားနေတဲ့ ဆရာတော်တစ်ပါး ရှိပါတယ်။ တစ်နေ့တော့

လုံးစံအတိုင်း ဆရာတော်ရယ်၊ ကပ္ပိယဖိုးသူတော်ကြီးရယ် ရွာထဲကို ဆွမ်းခံကြွဖို့ ပြင်ပါတယ်။ ဆရာတော်က ကျောင်းက ထွက်လာကတည်းက မေတ္တာပွားလာတာ ပါ။ ရွာမရောက်ခင် လယ်ကွင်းထဲရောက်တော့ ကျွဲ တစ်ကောင်က ဆရာတော့်ဆီ ပြေးလာနေပါတယ်။ ဆရာတော်ကတော့ သူ့ဆီပြေးလာနေတဲ့ ကျွဲကြီးကို အာရုံပြုပြီး "ကျွဲကြီးကျန်းမာပါစေ၊ ချမ်းသာပါစေ" ဆို ပြီးတော့ မေတ္တာပဲ ပို့ပေးနေပါတယ်။ ကျွဲက နီးသထက် နီးလာနေပါပြီ။ ဆရာတော်ကတော့ မေတ္တာပို့နေတုန်း ပါ။ ရှေ့ နှစ်လှမ်း သုံးလှမ်း အကွာလောက်လည်း ရောက် လာရော ကပ္ပိယဖိုးသူတော်ကြီးက ပါလာတဲ့ တောင်ဝှေး နဲ့ ပြေးတဲ့ပြီးတော့ ကျွဲကြီးခေါင်းကို အားရပါးရ ရိုက် ထည့်လိုက်တာ ကျွဲကြီးလည်း တစ်ခါတည်း နောက်ပြန် လှည့်သွားပါတော့သတဲ့။

ဒီတော့ ဆရာတော်က ဘာပြောသလဲဆိုတော့ "ဖိုးသူတော်ကြီးရယ် ငါ့မေတ္တာထက် နင့်တောင်ဝှေးက

ပိုအစွမ်းထက်ပါလား"လို့ ပြောပါသတဲ့။

မေတ္တာဆိုတာ ကာလဒေသကိုလည်း ကြည့်ရသေးတဲ့အကြောင်း ပုံပြင်နဲ့ပြောထားတာပါ။

လောကမှာ အမွှေ မလွှမ်းမိုးဖို့ လူသားတိုင်းမှာ တာဝန်ရှိတာဆိုတော့ တစ်ခါတလေ အမွှေအမှုလေးတွေနဲ့ ကြုံလာရင်တော့ မေတ္တာကို ခဏဖယ်ထားပြီး တခြား သင့်တော်ရာ တစ်နည်းနည်းနဲ့ ဖြေရှင်းပေးရတာလေးတွေတော့ ရှိပါတယ်။

ဘာပဲပြောပြော လက်တွေ့ကျင့်သုံးရေး နယ်ပယ်ထဲမှာတော့ ကာယကံမေတ္တာနဲ့ ဝစီကံမေတ္တာကို လက်ကိုင်ထားရမှာတော့ အမှန်ပါပဲ။

အလင်းတန်းရျာနယ်

၂၈.၃.၂၀၀၅

# သူငယ်ချင်းဆိုတာ

သူငယ်ချင်းဆိုတာ ဘာလဲလို့မေးရင် စာမှာ ဒီလိုဖွင့်ပြထားပါတယ်။

သုခဒုက္ခံ သဟ အာယန္တိ ဥပဂစ္ဆန္တီတိ သဟာယကော၊ အဓိပ္ပာယ်ကတော့ ချမ်းသာဆင်းရဲကို အတူတကွ ခံစားတတ်သောကြောင့် သူငယ်ချင်းပါတဲ့။ သူငယ်ချင်းရဲ့ပါဠိက သဟာယကပါ။

မကြာသေးခင်က မိမိတို့ရိပ်သာကို သုံးဆယ် စွန်းစွန်း ဆရာဝန်နှစ်ယောက် ရောက်လာပါတယ်။ တစ်ယောက်က တရားဝင်ဖို့၊ တစ်ယောက်ကတော့

အဖော်အာမခံအဖြစ် လိုက်လာတာပါ။ အဖော်အာမခံ အဖြစ် လိုက်လာတဲ့ ဆရာဝန်က ကျောင်းတိုက်နဲ့ ဆက်စပ်နေသလို၊ တရားရိပ်သာဝင်မယ့် ဆရာဝန်က လည်း ဆရာတော် အရှင်ဆန္ဒာဓိကနဲ့ ဆက်စပ်နေပြန် ပါတယ်။ ဒီတော့ မိမိကလည်း ထိုက်သင့်သလောက် ကူညီရုံပေါ့။ ကူညီတယ်ဆိုပေမယ့်လည်း ထူးပြီး မကူညီ မိပါဘူး။ နှုတ်အားဖြင့် ပြောပြရုံပါ။

မိမိ စိတ်ဝင်စားတာက အဖော်အဖြစ်လိုက်လာ တဲ့ သူငယ်ချင်းဆရာဝန်ကိုပါ။ အဲဒီဆရာဝန်က ရောက် တဲ့နေ့မှာ သူ့သူငယ်ချင်းဆရာဝန်အတွက် ကိုယ်တိုင် အိပ်ရာခင်းပေး၊ ကိုယ်တိုင်ခြင်ထောင်ထောင်ပေး၊ ပါ လာတဲ့ပစ္စည်းတွေကို သင့်တော်သလိုထားပေးရင်း သူ့သူငယ်ချင်းကို အားပေးစကားတွေ တွင်တွင်ပြော နေပြန်ပါတယ်။ ပြန်ခါနီးတော့ မိမိကိုလည်း သူ့သူငယ် ချင်းက တစ်ခါမှ တရားမဝင်ဖူးသေးလို့ ဂရုစိုက်ဖို့ မှာနေပြန်ပါတယ်။ တရားဝင်နေတဲ့ တခြားရက်တွေမှာ

လည်း မကြာခဏလာပြီး လိုအပ်တာတွေ လုပ်ပေးလေ့ရှိပါတယ်။ သူ့ရည်းစားတောင် ဒီလောက်ဂရုစိုက်ပါ့မလားလို့ ကြံကြံဖန်ဖန် တွေးလိုက်မိပါသေးတယ်။

သူတို့နှစ်ယောက်ရဲ့ ကံသုံးပါးအမူအရာလေးတွေဟာ မြင်နေရသူ မိမိအတွက်တော့ သူငယ်ချင်းဆိုတဲ့အဓိပ္ပာယ်ကို ဖွင့်ပြနေသလို ခံစားရပါတယ်။ စိတ်ထဲမှာလည်း အဖော်အဖြစ်လိုက်ပို့တဲ့ဆရာဝန်ကို တော်တော်လေး ကြည်ညိုသွားမိပါတယ်။ ဟုတ်တယ်လေ။ တရားအားမထုတ်ဖူးသေးတဲ့ သူငယ်ချင်းကို ရိပ်သာရောက်အောင် ပို့ပေးနိုင်တာဟာ နည်းတဲ့သံယောဇဉ်၊ နည်းတဲ့အသိဉာဏ်မှ မဟုတ်တာ။ သူငယ်ချင်းဆိုတာ ဒါမျိုးမှ၊ တခြားပစ္စည်းတွေနဲ့ ချီးမြှောက်တာထက် ဓမ္မနဲ့ချီးမြှောက်တာဟာ အကောင်းဆုံးချီးမြှောက်မှုပါ။ အဲဒီ ဆရာဝန် သူငယ်ချင်းနှစ်ယောက်ရဲ့ ကံသုံးပါး အမူအရာလေးတွေကြည့်ပြီး ကြည်ညိုဖြစ်ရင်း အခုပြောပြမယ့်ဝတ္ထုလေးက အတွေးထဲပေါ်လာ

တာပါ။

ဖြစ်စဉ်နှစ်ခုကို နှိုင်းယှဉ်တာတော့ မဟုတ်ပါဘူး၊ နှိုင်းယှဉ်ရအောင် ပုံသဏ္ဍာန်ချင်းလည်း မတူပါဘူး။ ဒါပေမယ့် ဖြစ်စဉ်နှစ်ခုလုံးက သူငယ်ချင်းဆိုတဲ့ အဓိပ္ပာယ်ကို ဖွင့်ပြနေလို့ပါ။

ကဿပဘုရားရှင်လက်ထက်တော်က ဃဋိကာရလို့ အမည်ရတဲ့ အိုးထိန်းသည်တစ်ယောက် ရှိခဲ့ဖူးပါတယ်။ ဃဋိကာရရဲ့ အချစ်ဆုံးသူငယ်ချင်းက ဇောတိပါလပါ။ ဃဋိကာရက ဇာတ်နိမ့်အမျိုး၊ ဇောတိပါလက ဇာတ်မြင့်အမျိုး။ ဒါပေမယ့် သူတို့နှစ်ယောက် အတော်ချစ်ကြတယ်လို့ ဆိုပါတယ်။

တစ်နေ့တော့ ဃဋိကာရက ဇောတိပါလကို ကဿပဘုရားရှင်ကို သွားဖူးဖို့ ခေါ်ပါတယ်။ ဒီတော့ ဇောတိပါလက ဘယ်လိုပြန်ပြောသလဲဆိုတော့ "ဦးပြည်းရဟန်းကိုဖူးလို့ ဘာအကျိုးရှိမှာလဲလို့" ပြန်ပြောပါတယ်။ ဇောတိပါလရဲ့စကားသံထဲမှာ ဇာတ်မြင့်

ဆိုတဲ့ မာနသံက အထင်းသားပေါ်နေပါတယ်။ ဃင်္ဂ ကာရက သုံးကြိမ်သုံးခါ ခေါ်ပါတယ်။ ဇောတိပါလ ကလည်း သုံးကြိမ်သုံးခါ ငြင်းပါတယ်။

ဇောတိပါလရဲ့ငြင်းသံအဆုံးမှာ ဃင်္ဂကာရက ရေချိုးဖို့ မြစ်ဆိပ်ကို ခေါ်ပြန်ပါတယ်။ ဒီအခါမှာတော့ ဇောတိပါလ မငြင်းပါဘူး။ ဃင်္ဂကာရနောက်ကို ဖြောင့် ဖြောင့်တန်းတန်း လိုက်ခဲ့ပါတယ်။

တကယ်တော့ ဃင်္ဂကာရက ဇောတိပါလကို ပရိယာယ်နဲ့ခေါ်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ မြစ်ဆိပ် နဲ့ မြဘ်စွာဘုရားကျောင်းတော်နဲ့ နီးလို့ပါ။ ဃင်္ဂကာရ က မြစ်ဆိပ်ရောက်တော့ ဘုရားရှင်ဆီသွားဖူးဖို့ ထပ်ခေါ် ပြန်ပါတယ်။ ဒါပေမယ့် ဇောတိပါလက ငြင်းမြဲပါပဲ။ ဒီတော့ ဃင်္ဂကာရက ဇောတိပါလရဲ့ခါးပုံစကိုကိုင်ပြီး တောင်းတောင်းပန်ပန်နဲ့ ခေါ်ပြန်ပါတယ်။ ဇောတိပါလ ကတော့ ရှေးနည်းအတိုင်း ငြင်းမြဲပါပဲ။

နောက်ဆုံးတော့ ဃင်္ဂကာရက ဘာလုပ်လိုက်

သလဲဆိုတော့ ဇောတိပါလရဲ့ ဆံပင်ကို ကိုင်တဲ့ပြီး မြတ်စွာဘုရားဆီလိုက်ခဲ့ဖို့ တိုက်တွန်းလိုက်ပါတယ်။ ဒီအချိန်မှာတော့ ဇောတိပါလလည်း တော်တော်လေး ထိတ်လန့် တုန်လှုပ်သွားပါတယ်။ ဇောတိပါလက ဇာတ်မြင့်၊ ဃဋိကာရက ဇာတ်နိမ့်။ ဇာတ်နိမ့်သူက ဇာတ်မြင့်သူရဲ့ဆံပင်ကို ကိုင်ခဲ့ရင် သူတို့ ခေတ် ဥပဒေအရ သေဒဏ်ပါ။ ဒီတော့ ဇောတိပါလက ဘယ်လိုစဉ်းစားသလဲဆိုတော့ "သူငယ်ချင်း ဃဋိကာရ ဟာ သေဒဏ်ကိုမမှုဘဲ ငါ့ရဲ့ ဆံပင်ကိုကိုင်ပြီး သူ့ဆရာ ဘုရားရှင်ဆီလိုက်ခဲ့ဖို့ ခေါ်တယ်။ ဒီအပြုအမူဟာ ငါ့ အပေါ် အတော်ချစ်လို့ဖြစ်မယ်။ ပြီးတော့ တစ်စုံတစ်ခု သောအကျိုးကို လိုလားလို့ဖြစ်မယ်ထင်တယ်။ ဘာပဲ ပြောပြော သူ့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ လိုက်သွားမှပဲ"လို့ စဉ်းစားပါသတဲ့။ ပြီးတော့ "သူငယ်ချင်း ဃဋိကာရ…ဆံပင်ကိုင်တဲ့အထိတောင် သင့်ဆရာ ကို ဖူးမြင်စေလိုသလား"လို့ ပြန်မေးလိုက်ပါတယ်။

ယင်္ဂိကာရကလည်း "ဟုတ်ပါတယ် သူငယ်ချင်းရယ်" လို့ ပြောပြီး ဇောတိပါလကို ဘုရားရှင်ဆီ ပို့ပေးဖို့ စိစဉ်ပါတယ်။

ဒီနေရာမှာပြောချင်တာက ဇောတိပါလရဲ့ အတွေးပါ။ သူငယ်ချင်းဆိုတဲ့အသိကို မေ့ပြီး ဇာတ်နိမ့်၊ ဇာတ်မြင့် ဥပဒေဆီကိုသာ တွေးလိုက်ရင် ပွဲက တစ်မျိုး တစ်မည်ပြောင်းပြီး အကျည်းတန်သွားနိုင်ပါတယ်။ ဒါပေမယ့် သူတို့တစ်တွေဟာ တကယ့်သူငယ်ချင်းတွေ ဖြစ်နေတာကြောင့် ပွဲက အကျည်းတန်မသွားဘဲ အလှပဆုံး ပွဲလေးတစ်ပွဲ ဖြစ်သွားတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဇောတိပါလက မြတ်စွာဘုရားဆီ ရောက်သွားခဲ့လို့ပါ။

ပြီးတော့ ပိုပြီးတော့ အံ့ဩဖို့ကောင်းတာက ဇာတ်ပေါင်းခန်းကြည့်လိုက်တော့ မြတ်စွာဘုရားဆီ သွားဖို့ အကြောက်အကန်ငြင်းနေခဲ့တဲ့ ဇောတိပါလဟာ တခြားသူ့ဟုတ်ရိုးလား၊ မိမိတို့ရဲ့ ဂေါတမဘုရား

အလောင်း ဖြစ်လို့နေတာပါပဲ။

ဘာပဲပြောပြော ကိုယ်ချစ်တဲ့ သူငယ်ချင်းတစ်ယောက်ယောက် ဂမ္ဘီရယောင်ယောင်၊ ဓာတ်ယောင်ယောင်၊ နတ်ယောင်ယောင်၊ တောလိုလိုတောင်လိုလို ဆရာဆီရောက်ပြီး ဘာသာရေးလမ်းကြောင်း ချော်နေလို့ တည့်မတ်ပေးရတဲ့အရေး အင်တင်တင် လုပ်နေခဲ့ရင်တော့ ဃဋီကာရထုံး နှလုံးမူပြီး နားရင်းအုပ်သင့်ရင် အုပ်ပစ်လိုက်ဖို့ပါပဲလေ။

<u>ကျမ်းကိုး</u>

မဇ္ဈိမပဏ္ဏာသပါဠိတော်-ဃဋီကာရသုတ်

အင်တာဗျူးဂျာနယ်

၂၅.၁၂.၂၀၀၂

# ပျံလွန်တော်မူသွားသော
# ဦးဇင်းလေးတစ်ပါးအကြောင်း

အရှင်ဓမ္မပိယ (ဓမ္မာစရိယ)
သက်တော် (၂၄)နှစ်
ဝါတော် (၄)ဝါ
ကလောင်အမည် – သကျသွေး
(၁၈.၉.၂၀၀၃ ခုနှစ်တွင် ပျံလွန်တော်မူသည်။)

* * *

ကျောင်းဝင်းထောင့်ရှိ အုတ်ဂူဖြူဖြူလေးကို တွေ့လိုက်ရတော့ သူသည် ကြောက်လန့်စိတ်အလျဉ်း ဖြစ်မသွားခဲ့ပါ။ တကယ်ဆို နေဝင်ခါစ သည်အချိန် လေးသည် ကြောက်လန့်စိတ်ဖြစ်ဖို့ အကောင်းဆုံး ဖြစ်သည်။

သို့သော် သူ ကြောက်လန့်စိတ် ဖြစ်မသွား ခဲ့ပါ။

ဂူမျက်နှာပြင်တွင် တွေ့လိုက်ရသော စာကြောင်း လေးများက ကြောက်လန့်စိတ်နေရာကို အစားထိုး ဝင်သွားလေသလားမသိ။ ပြီးတော့ အုတ်ဂူဖြူဖြူပေါ် တွင် "ဘဝဆက်တိုင်း သံသယဖြင့် နှိပ်စက်ခံရသူ အဖြစ်မှ ကင်းလွတ်ရပါလို၏"ဟူသော စာသားလေး ကိုလည်း တွေ့လိုက်ရပါသည်။ သူသည် ကြောက်လန့် စိတ်ထက် စိတ်ဝင်စားသည့်စိတ်က ပိုများသွားသည်။

သူသည် သည်မြို့ကလေးသို့ ညတရားဟောဖို့ နေ့လည်(၃)နာရီခွဲလောက်ကမှ ရောက်လာခဲ့ခြင်းဖြစ်

သည်။ ပြီးတော့ သည်မြို့ကလေးသည် သူ့အတွက် ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းလည်းဖြစ်သည်။

တရားပွဲက ည(၇)နာရီမှ စမှာဆိုတော့ အချိန်ရသေးသည်နှင့် ကျောင်းအောက်သို့ ဆင်းခဲ့သည်။ လမ်းလျှောက်ရင်းဖြင့် သည်နေရာကလေးသို့ သူ ရောက်လာခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်ဆိုတာ လောကမှာ နေလို့ အကောင်းဆုံးအရွယ်လေး၊ ဘာဖြစ်လို့ပါလိမ့်၊ ပြီးတော့ စာရေးတဲ့ဦးဇင်းလေးတဲ့။ စာရေးသည်ဆိုတော့ သူ့အတွက် ပို၍စိတ်ဝင်စားစရာ ဖြစ်သွားသည်။ ကို"သကျသွေး"ဆိုသော ကလောင်နာမည်လေးကို မဂ္ဂဇင်းတချို့တွင် တစ်ပုဒ်စ နှစ်ပုဒ်စတော့ တွေ့ဖူးသည်။ များများတော့ မတွေ့ဖူး၊ သူ မဖတ်ဖြစ်သည့် မဂ္ဂဇင်းများတွင် ရေးနေတာလည်း ဖြစ်နိုင်သည်။

သူ့အသက်နှင့်တွက်လျှင် ဆယ်စုနှစ်တစ်စု ငယ်သော ဦးဇင်းလေး။ စာပေလောကအတွက် ကလောင်တစ်ချောင်း ဆုံးရှုံးသွားသလို သာသနာ

အတွက်လည်း ရဟန်းတစ်ပါး ဆုံးရှုံးသွားခြင်းဖြစ်သည်။

ပျံလွန်တော်မူသည့်နေ့စွဲကိုကြည့်တော့ ဘာမျှမကြာသေး၊ တစ်နှစ်ကျော်မျှသာ ရှိသေးသည်။ အုတ်ဂူလေးပင် သစ်သစ်လွင်လွင် ရှိနေဆဲ။ သူသည် ၂၄ နှစ်အရွယ်တုန်းက စာတွေရေးနေခဲ့သည်။ ပြီးတော့ ဓမ္မာစရိယတန်းအတွက် စာတွေလည်း ကျက်နေခဲ့သည်။ အုတ်ဂူထဲက ဦးဇင်းလေးလည်း သည်အတိုင်းသာ ဖြစ်နေလိမ့်မည်။

သူသည် ညနေခင်းများစွာကို ပုံစံမျိုးစုံဖြင့် ဖြတ်သန်းခဲ့ဖူးပါသည်။ အပြုံးနှင့်လည်း ဖြတ်သန်းဖူးသည်။ အမုန်းနှင့်လည်း ဖြတ်သန်းဖူးသည်။ အလွမ်းနှင့်လည်း ဖြတ်သန်းဖူးသည်။ အမောနှင့်လည်း ဖြတ်သန်းဖူးသည်။ အပျော်နှင့်လည်း ဖြတ်သန်းဖူးသည်။ ကြောက်လန့်စိတ်နှင့်လည်း ဖြတ်သန်းဖူးသည်။ သည်ညနေခင်းလေးကတော့ ကြောက်စိတ်နှင့် ဖြတ်သန်းနေတာ မဟုတ်တာတော့ သေချာပါသည်။

သူသည် ပင့်သက်ကိုရှိုက်ရင်း အုတ်ဂူနားဆီ

သို့ တိုးသွားမိသည်။ အုတ်ဂူလေးကို လက်နှင့်ထိလိုက်တော့ ကြမ်းရှရှ အင်္ဂတေသားသည် သူ၏နှလုံးသားကို လာ၍ထိသယောင်၊ ထိလက်စလက်ကို ချက်ချင်းမရုပ်မိ။

ဘာဖြစ်လို့ ပျံလွန်တော်မူသွားပါလိမ့်... တစ်ခုခုများ ဖြစ်ခဲ့လို့လား...။

သူတွေးနေဆဲမှာပင် သူ့နောက်မှ ခြေသံသဲ့သဲ့ကြားရသည်။ လှည့်ကြည့်လိုက်တော့ သည်ကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်၊ သက်တော်(၈၀)ခန့် ရှိပြီဖြစ်သော ဆရာတော်သည် တောင်ဝှေးကို အားပြုထားသည်။ မျက်မှန်ထူထူ၊ သင်္ကန်းအညိုရောင်ရင့်ရင့်နှင့် ဇရာ၏လက္ခဏာကို ပြနေသော်လည်း ဆရာတော်တစ်ပါးအဖြစ် ပို၍ သပ္ပာယ ဖြစ်နေပါသည်။

ဆရာတော် သူ့အနားရောက်လာတော့ လက်အုပ်ချီပြီး အရိုအသေ ပေးလိုက်သည်။

"ဦးဇင်းလေးက အုတ်ဂူလေးကိုကြည့်ပြီး စိတ်ဝင်စားနေပုံရတယ်"

"မှန်ပါဘုရား"

"ဒီအကြောင်းတွေကို တပည့်တော် ဘယ်သူ့မှလည်း ပြောပြမနေချင်တော့ပါဘူး။ ပြောမပြမိအောင်လည်း သတိထားပါတယ်။ ဦးဇင်းလေးကတော့ စာလည်းရေး တရားလည်းဟောတော့ အများနဲ့ဆက်ဆံနေရတာဆိုတော့ နည်းနည်းလောက်တော့ ပြောပြချင်တယ်။ ပြီးတော့ သူက ဦးဇင်းလေးလိုပဲ စာရေးတယ်၊ စာရေးဆရာ သိပ်ဖြစ်ချင်တာ၊ မဂ္ဂဇင်းတွေမှာ ဆယ့်လေးငါးပုဒ်လောက်တော့ ပါဖူးတယ်"

"ပြောပြပါဘုရား၊ ပြီးတော့ ဂူလေးကိုကြည့်ပြီး တပည့်တော်ကိုယ်တိုင်လည်း စိတ်ဝင်စားနေပါတယ်ဘုရား"

သူသည် ဆရာတော့်ကို တုံ့ပြန်စကား အမြန်ပြောလိုက်ရသည်။

"ဒီဦးဇင်းလေးက ဒီမြို့ကပဲ၊ မိဘတွေကလည်း အတော်အသင့် ချမ်းသာကြပါတယ်။ တပည့်တော်ပဲ အခြေခံစာတွေ သင်ပေး၊ တပည့်တော်ပဲ မန္တလေးက

စာသင်တိုက်ကို ကိုယ်တိုင်ပို့ပေးခဲ့ရတာ၊ ဟိုတစ်နှစ်ကပဲ မြွှာစရိယတန်းမှာ သီလက္ခန်တစ်ကျမ်းအောင်လို့ဆိုပြီး သင်္ကန်းတစ်စုံ ဆုချလိုက်ရသေးတယ်။ လိုရင်းပြောရရင်တော့ ဦးဇင်းလေးရယ် သူနေတဲ့စာသင်တိုက်မှာ ဦးဇင်းတစ်ပါးက သရီးရိုင်ဖယ်ဆိုတဲ့ သင်္ကန်းတစ်စုံ ပျောက်တယ်တဲ့။ ပျောက်တဲ့ဦးဇင်းက တပည့်တော်ရဲ့ဦးဇင်းလေးကို စွပ်စွဲတယ်ပေါ့လေ။ နောက်ဆုံး ဘယ်အထိဖြစ်လာသလဲဆိုတော့ ကျန်တဲ့ဦးဇင်းတွေကပါ ယုံလာပြီး စကားတွေ၊ ဘာတွေ မပြောကြတော့ဘူးတဲ့၊ ပိုဆိုးတာကတော့ ဆွမ်းအတူမစားကြတော့တာဘဲ။ သူများပစ္စည်းခိုးရင် ပါရာဇိကကျတာဆိုတော့ ပါရာဇိကကျတဲ့ဦးဇင်းနဲ့ ဆွမ်းအတူမစားချင်ကြတဲ့ သဘောပေါ့လေ။

အားလုံးက ဝိုင်းကြဉ်ထားတော့ ဦးဇင်းလေးလည်း တော်တော်လေး အထီးကျန်လာပုံရတယ်။ နောက်တော့ သူ ကျောင်းထိုင်ဆရာတော်ကို သွားလျှောက်ပြလိုက်တယ်။ ဆရာတော်က ချက်ချင်းသံဃာကုန်ခေါ်ပြီး ဩဝါဒပေးတယ်။ တပ်အပ်မမြင်

ဘဲနဲ့ မစွပ်စွဲဖို့ပေါ့လေ။ သံဃာကြားထဲမှာ ဦးဇင်းလေးက လူးလိမ့်ငိုနေတယ်တဲ့။ သူမဟုတ်တဲ့အကြောင်းလည်း ကျိန်ပြီး ပြောတယ်တဲ့။ နောက်ဆုံးတော့ သူ့ဇာတိဖြစ်တဲ့ တပည့်တော်ရဲ့ ဒီကျောင်းကို ပြန်ရောက်လာတော့တာ ပဲ။ သူရောက်လာတဲ့အချိန်က တပည့်တော် ဆွမ်းစားနေ တဲ့အချိန် (၁၁)နာရီလောက်ရှိပြီ။ ဒါနဲ့ တပည့်တော်က လည်း "ဦးဇင်း တစ်ခါတည်း ဝင်ဘုဉ်းပေးလိုက်"လို့ ပြောလိုက်တယ်။ ဒါပေမယ့် သူက ဘာပြန်ပြောသလဲ ဆိုတော့ "ဆရာတော်လည်း တပည့်တော်ကို ယုံမှာ မဟုတ်ပါဘူး၊ တပည့်တော်ကို တစ်ပါးတည်းပဲ ပြင်ပေး ပါ"တဲ့။ တပည့်တော်ကလည်း "ဟဲ့...ဦးဇင်း ဘာတွေ ပြောနေတာလဲ၊ လာ...တစ်ခါတည်း ဒီမှာဝင်ဘုဉ်းပေး" လို့ ထပ်ပြောပေမယ့် သူက အကြောက်အကန် ငြင်းနေ တာနဲ့ နောက်ဆုံးတော့ သူစိတ်ချမ်းသာပါစေဆိုပြီး ပြင်ကျွေးခိုင်းလိုက်တယ်။ နောက်ရက်တွေမှာလည်း အဲဒီအတိုင်းပဲ တစ်ပါးတည်းပဲ စားတယ်။ ဘယ်သူနဲ့မှ လည်း စကားမပြောဘူး။ ပြီးတော့ ကျောင်းထောင့်က

မန်ကျည်းပင်အောက်မှာ အမြဲသွားသွား တရားထိုင်တယ်။ ဒီကိုရောက်ပြီး (၁၅)ရက်မြောက်တဲ့နေ့မှာပဲ ဦးဇင်းလေးရယ် ပြောရမှာတောင် စကားမထွက်ရက်ပါဘူး။ အဲဒီ သူတရားထိုင်တဲ့ မန်ကျည်းပင်မှာပဲ ကြိုးဆွဲချ ပျံလွန်တော်မူသွားတယ်"

"အို"

သူ့နှုတ်မှ အသံထွက်သည်အထိ အံ့ဩသွားပါသည်။ ဆရာတော်က စကားဆက်သည်။

"ပျံလွန်တော်မူတော့ သင်္ကန်းကြားထဲမှာ စာရွက်ကလေးတစ်ရွက် တွေ့ရတယ်။ ဘာရေးထားသလဲဆိုတော့ "ဘဝဆက်တိုင်း သံသယဖြင့် နှိပ်စက်ခံရသူအဖြစ်မှ ကင်းလွတ်ရပါလို၏ "တဲ့။ တပည့်တော်တို့လည်း သူ ဘာတွေဖြစ်လာခဲ့တယ်ဆိုတာလည်း မသိရဘူး၊ တစ်မြို့လုံးကလည်း စိတ်မကောင်းကြဘူး၊ သူ့အမေဆိုတာကတော့ ပြောမနေပါနဲ့တော့။ အခုဆို ပျံလွန်တော်မူသွားတာ တစ်နှစ်ကျော်ပြီ ဆိုပါတော့"

"အဲဒီဦးဇင်းလေးက သင်္ကန်းကို တကယ်

ကောဘ ယူမိလို့လားဘုရား”

“အဲဒါ ပြောမလို့ပဲ…ပျံလွန်တော်မူပြီး သုံးလ လောက်ကြာတော့ သူနဲ့ တော်တော်ခင်တဲ့ သူ့ရဲ့ သူငယ်ချင်း ဦးဇင်းတစ်ပါး ရောက်လာတယ်။ ရောက်လာတဲ့…သူ့သူငယ်ချင်းဦးဇင်းဆီကစကား ကြားရတော့မှ အားလုံး စိတ်မကောင်း ဖြစ်ကြရတယ်။ သင်္ကန်းပျောက်တဲ့ ဦးဇင်းလေးက သင်္ကန်းပျောက်သွားတာတော့ တကယ်ပျောက်သွားတာပဲ။ ဖြစ်ပုံက အဲဒီဦးဇင်းလေးက ဆွမ်းခံကြွနေတုန်း သူ့ရဲ့ ဦးလေးဘုန်းကြီးက တောကရောက်လာတယ်တဲ့။ မန္တလေးကို ပစ္စည်းလာဝယ်တာတဲ့။ သေတ္တာပေါ်မှာ သရီးရိုင်ဖယ်သင်္ကန်းကို တွေ့သွားပြီး သဘောကျတာနဲ့ တူလည်းဖြစ်၊ တပည့်လည်းဖြစ်နေတာနဲ့ မပြောဘဲ ယူသွားလိုက်တယ်။ ဘူတာကို ချက်ချင်း ဆင်းရတာဆိုတော့ ယူသွားတဲ့အကြောင်း ဘယ်သူ့မှလည်း ပြောချိန်မရတော့ဘူး ထင်တယ်။ အဖြစ်မှန်ကို ဘယ်သူမှမသိကြတော့ ပြဿနာဖြစ်ကြတော့တာပဲ။

## ပျံလွန်တော်မူသွားသောဦးဇင်းလေးတစ်ပါးအကြောင်း

နောက် တပည့်တော်ဦးဇင်းလေး ပျံလွန်တော်မူပြီး နှစ်လလောက်နေမှ သင်္ကန်းပျောက်တဲ့ ဦးဇင်းလေးက သူ့ရွာပြန်မှ ဦးလေးဘုန်းကြီးက သူ သင်္ကန်းယူသွားတဲ့ အကြောင်း ပြောပြတာတဲ့၊ အဖြစ်မှန်ကို သိရတဲ့အချိန်မှာ အာလုံးက လွန်ကုန်ပြီ။

တစ်ထွာလောက်ရှိတဲ့ လျှာတစ်ချောင်းဟာ သိပ်ကြောက်ဖို့ကောင်းတယ်။ ဘာမဟုတ်တဲ့ စကားတစ်ခွန်းဟာ အသက်တစ်ချောင်းအထိ ဆုံးရှုံးသွားရတယ်။

တပည့်တော် အသက်ရှစ်ဆယ် နီးနေပါပြီ။ တော်ရုံတန်ရုံကိစ္စကို အသက်အရွယ်အရ တရားနဲ့ ဖြေလို့ ရပါတယ်။ ဒီဦးဇင်းလေးကိစ္စကျတော့ ငယ်ငယ်လေးကတည်းက ကိုယ်တိုင် ပြုစု ပျိုးထောင်ပေးခဲ့ရတဲ့ တပည့်ရင်းလေးဖြစ်နေတော့ သံယောဇဉ်လည်း တော်တော်ဖြစ်မိပါတယ်။ အဲဒါကြောင့် စိတ်ထဲမှာ ကျေနပ်မရတော့ ဖြစ်မိတယ်။ နောက်ဆုံးတော့ သဗ္ဗေ သတ္တာ ကမ္မဿကာ သူ့ဝဋ်ရှိလို့ ခံရတာပဲလေလို့

နလုံးသွင်းလိုက်ရတယ် ဦးဇင်းလေးရယ်"

ဆရာတော်က ဆက်တိုက်ပြောလိုက်ရလို့ ထင်သည်။ သည်မှာပင် စကားကိုရပ်ထားသည်။ စကားက သည်မှာတင် မဆုံးသင့်သေးပါ။ သည့်အတွက် သူကပဲ စကားစလိုက်ရသည်။

"ဆရာတော်ဘုရား၊ ဘုရားတပည့်တော် အထင်တော့ ဦးဇင်းလေးအနေနဲ့ ဒီနည်းနဲ့မဖြေရှင်းဘဲ တခြားနည်း တစ်ခုခုနဲ့ ဖြေရှင်းဖို့ကောင်းတယ်ဘုရား၊ ဖြေရှင်းနည်း မှားသွားတယ်ထင်တယ်ဘုရား"

"အင်း...ဒါပေမယ့် ဦးဇင်းလေးရယ်...ဝဇိရဗုဒ္ဓိ ဋီကာမှာ ဂါထာလေးတစ်ပုဒ်ရှိတယ်။

ယေဘုယျေန ဟိ သတ္တာနံ၊
ဝိနာသေ ပစ္စုပဋ္ဌိတေ။
အနယော နယရူပေန၊
ဗုဒ္ဓိမာဂမ္မ တိဋ္ဌတိ။

တဲ့။ အဓိပ္ပာယ်ကတော့ သတ္တဝါတွေဟာ ပျက်စီးဖို့ အချိန်တန်လာရင် နည်းဆိုး နည်းမှားဟာ နည်းမှန်

ဟန်ဆောင်ပြီး စိတ်မှာ ထင်လာတတ်တယ်တဲ့။ တကယ်တော့ ... လူဟာ ပျက်စီးဖို့ အချိန်တန်လာရင် ဘာနဲ့မှ ကာကွယ်လို့ မရတော့ပါဘူး။ ကဲ...ကဲ...ဦးဇင်းလေးလည်း တရားဟောရဦးမယ် ကြွတော့...ကြွတော့"

"မှန်ပါဘုရား"

သူ ဆရာတော်ကို လက်အုပ်ချီပြီး အရိုအသေပေးရင်း နားနေဆောင်သို့ ပြန်ခဲ့သည်။ လှမ်းရသည့် ခြေလှမ်းတွေက သိပ်မသွက်ချင်၊ လေးတွဲ့ဖင့်နှေးနေသည်။ ဆရာတော်ကတော့ သူ့တပည့် ဦးဇင်းလေး လဲလျောင်းရာ အုတ်ဂူလေးနားမှာပဲ ရပ်ကျန်ခဲ့သည်။

တစ်ထွာလောက်ရှိသော လျှာတစ်ချောင်းကို သူ တော်တော်ကြောက်သွားပါသည်။ ပြီးတော့ မုန်းချင်စိတ်လည်း ပေါက်သွားပါသည်။

မြတ်စွာဘုရားလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ အရှင်သာရိပုတ္တရာလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ ဆရာတော် အရှင်ဇနကာ

ဘိဝံသလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ မင်းကွန်းဆရာတော်ဘုရားကြီးလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ နပိုလီယန်လည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ ဟစ်တလာလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ မာသာထရီဇာလည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။ ဘင်လာဒင်လည်း လျှာတစ်ချောင်းကို အသုံးပြုခဲ့သည်။

ထိုလျှာတစ်ချောင်းသည် မကြာခင် ပြာဖြစ်ရဦးမည်။ ပြာမဖြစ်ခင်တော့ ခန္ဓာကိုယ်၏အစိတ်အပိုင်းတစ်ခုအနေနှင့် အကောင်းအဆိုးတွေ ဖန်တီးနေဦးမည်။ ထိုလျှာတစ်ချောင်းကြောင့်ပင် သူကျင်လည်ရာ ဝန်းကျင်တွင် ရှိသော သတ္တဝါတို့သည် အမြင့်သို့လည်း ရောက်သွားနိုင်သည်။ အနိမ့်သို့လည်း ရောက်သွားနိုင်သည်။ အမှောင်ထဲသို့လည်း ရောက်သွားနိုင်သည်။ အလင်းထဲသို့လည်း ရောက်သွားနိုင်သည်။ လျှာတစ်ချောင်းသည်

အဖြူအမည်းကို ကောင်းကောင်း ဖန်တီးနိုင်ပါသည်။

လျှာတစ်ချောင်းသည် ပြာဖြစ်သွားလျှင်ကော ဓာတ်သိမ်းသွားပြီဟု ဆိုနိုင်ပါမည်လား။

ဗုဒ္ဓဘာသာ၏ အဘိဓမ္မာသဘောတရားအရ ကံ,ကံ၏အကျိုးဆိုတာ ရှိသည်။ ကောင်းတာပြုလျှင် ကောင်းကျိုးခံစားရမည်။ မကောင်းတာပြုလျှင် မကောင်းကျိုး ခံစားရမည်။ ကံ,ကံ၏အကျိုးအရ အသက်ထင်ရှားရှိစဉ် ပြုမူ ပြောဆိုခဲ့သော ပုံရိပ်တို့သည် သတ္တဝါတစ်ခုအနေနှင့် ဟိုဘက်ဘဝအထိ ပါသွားပါလိမ့်မည်။ ပြာဖြစ်သွားလျှင်တော့ ဘာမှ အယူခံခွင့် မရှိတော့။ သတ္တဝါအားလျော်စွာ သုဂတိ ဒုဂ္ဂတိ တစ်ခုခုက အသင့်ကြိုနေပါလိမ့်မည်။

ပြာမဖြစ်ခင် လျှာတစ်ချောင်းကို အမှီပြုပြီး တမလွန်၏ သုဂတိ ဒုဂ္ဂတိကို ကောင်းကောင်းဖန်တီးနိုင်ခွင့် ရွေးချယ်နိုင်ခွင့် ရှိနေသေးသည်။ ပြာဖြစ်သွားလျှင်တော့ ဖန်တီးနိုင်ခွင့် ရွေးချယ်နိုင်ခွင့် မရှိတော့ပါ။

ဘာပဲပြောပြော ည(၇)နာရီထိုးလျှင်ပင် သူ လျှာတစ်ချောင်းကို အသုံးပြုရပါဦးမည်။ သည်တော့ လည်း သူ၏လျှာတစ်ချောင်းကို ကျေးဇူးတင်လိုက်ရ ပြန်ပါသည်။

မော်လမြိုင်ကျွန်းမြို့နယ်၊
ပရိယတ္တိသာသနာနုဂ္ဂဟအသင်း
ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်း(၁၃၁၆–၁၃၆၆)